# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

May 4, 2020 Volume 31, Number 1


**၄.၅.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၀၁ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၄၁၃/- ကျပ် |
| CBM Rate | = ၁၄၀၁.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၃.၀- ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၉.၂၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၄၁.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၂.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၉၈.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၈.၃၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၁၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၄၀ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၄.၇၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၂၁၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဖုန်း၊ အွန်လိုင်းတို့ဖြင့်သာ ဆက်သွယ်ရောင်းချနေတဲ့ ဘုရင့်နောင်ကုန်စည်ဒိုင်




ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်အတွင်း အွန်လိုင်းနှင့်တယ်လီဖုန်းများဖြင့် ဆယ်သွယ်ရောင်းဝယ်နေကြပြီး ပွဲရုံအချို့သာ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။ ယခင်ကဲ့သို့ ဆိုင်ခန်းပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ညွှန်ကြားချက်များပေါ်မူတည်ကာ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါ ကုန်စည်ဒိုင်ကို ဧပြီလ ၂၀ ရက်က ပြန်လည်ဖွင့်လှစ်ရမည်ဖြစ်သော်လည်း ရောဂါအခြေအနေကြောင့် ပြန်ဖဖွင့်သေးဘဲ ပဲမျိုးစုံအရောင်းအဝယ်ကုန်သည်များက ကုန်စည်ဒိုင်က အသိအမှတ်ပြုထားသော အကျိုးဆောင်များမှတစ်ဆင့်အပြင် ကုန်သည်အချင်းချင်းလည်းချိတ်ဆက်ပြီး အွန်လိုင်းနှင့်တယ်လီဖုန်းများဖြင့် ဆယ်သွယ်ရောင်းဝယ်နေကြခြင်းဖြစ်သည်။ “ အဲဒီမှာပွဲစား၅ယောက်ပဲရှိမယ်။ ဒီ ၅ ယောက်ကနေ ဖုန်းတို့၊ Viber တို့ အွန်းလိုင်းကနေ အရောင်းအဝယ် လုပ်တယ်။ ၁၀ရာခိုင်နှုန်းစပေါ်တင်ပြီးတော့ စာချုပ်နဲ့တစ်လစာလုပ်တဲ့ဟာတွေက လပြည့်ရင်ဝယ်သူ၊ ရောင်းသူနှစ်ယောက်လာပြီးတော့ ရှင်းစနစ်နဲ့လုပ်နေတယ်။ ဒီလိုလုပ်ကိုင်နေတာတွေက လောလောဆယ်အဆင်ပြေနေတော့ ဘယ်လောက်ကြာသည်ထိထားမယ်ဆိုတာ မသိသေးဘူး။ ဒီရောဂါအပြင်းအထန်ပေါ်နဲ့ တိုင်းအစိုးရရဲ့ ကြေငြာချက်တွေပေါ်မှာ မူတည်နေတယ်“ဟု ဘုရင့်နောင်ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးခင်ဟန်ကပြောသည်။

အကျိုးဆောင် ပွဲစားများက နေ့လယ် ၁၂ နာရီမှ ၂ နာရီအတွင်း ကုန်စည်ဒိုင်သို့ ဝင်ရောက်ကာ အရောင်းအဝယ်အခြေအနေနှင့် ဈေးနှုန်းသတင်းများပေးပို့လျက်ရှိသောကြောင့် ကုန်စည်ဒိုင်အတွင်းသို့ ကုန်သည်များက လူကိုယ်တိုင်လာရောက်စုရုံး အရောင်းအဝယ်ပြုလုပ်ရန်မလိုအပ်ကြောင်းသိရသည်။

“အခုက အခြေခံစားသောက်ကုန်တွေပဲဖွင့်ပေးထားတယ်။ ဒါပေမယ့် အကုန်မဟုတ်ဘူးပေါ့။ တချို့ပွဲရုံတွေကတော့ ပွဲရုံပိုင်ရှင်ရဲ့ဆန္ဒအရ မဖွင့်သင့်ဘူး၊ မဖွင့်ချင်ဘူးဆိုရင်လည်း သူတို့သဘောပေါ့။ ကျွန်တော်တို့ကတော့ ဈေးကွက်တွေပျက်ပြားမသွားအောင် စားသုံးသူအတွက်လည်း ဈေးတက်မသွားအောင် ထိန်းညှိလုပ်ဆောင်နေတယ်။ ဈေးနှုန်းတွေကတော့ လက်ရှိမှာအေးနေပြီး အကျဘက်ကိုသွားနေတယ်” ဟု ဦးခင်ဟန်ကပြောသည်။

ဘုရင့်နောင်ပွဲရုံတွင် အခြေခံစားသောက်ကုန်များဖြစ်သည့် ကြက်သွန်၊အာလူး၊ ငရုတ်စသည့်ပွဲရုံများကို ဖွင့်လှစ်ထားပြီး ရေထွက်ကုန်ပစ္စည်းရောင်းချသည့် ငါးပိ၊ ငါးခြောက်ပွဲရုံများကို မေလ ၄ ရက်ရောက်မှပြန်လည်ဖွင့်မည်ဟု ကြေညာထားသော်လည်း နယ်မှမှာယူနေသူများရှိသောကြောင့် ပွဲရုံအချို့ကိုဖွင့်လှစ်ထားကာ ဧပြီ ၂၇ ရက်တွင် အဆိုပါပွဲရုံများအားလုံး ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဆန်ပွဲရုံ ၂၀၀ ကျော်၊ ငါးခြောက်ပွဲရုံ ၁၅၀ ကျော်၊ ငရုတ်၊ ကြက်သွန်၊ ဆားစသည့် စားသောက်ကုန်ပွဲရုံ၄၀၀ကျော်အပြင် ပွဲရုံလုပ်ငန်းများနှင့်ချိတ်ဆက်၍ ငွေကြေးဆောင်ရွက်နေသည့် ဘဏ်ပေါင်း ၂၀ ကျော်ရှိပြီး ကုန်စည်ဒိုင်သည်အခြေခံစားသောက်ကုန်များ၊ ကုန်ခြောက်များကို မြန်မာနိုင်ငံဒေသအနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချပေးနေ သည့် အဓိကကုန်စည်ဒိုင်ကြီးတစ်ခုဖြစ်သည်။

**Source:** http://htwettoe.com/article-details/news/9213859

## ကူးသန်းသွားလာမှု ကန့်သတ်ရက်တိုးမြှင့်လိုက်၍ သရက်တန်ချိန် ၁၂၀၀ ဝယ်ယူနိုင်ခြင်းမရှိတော့




အစိုးရက ကူးသန်းသွားလာရေးကန့်သတ်မှုကို မေလ ၁၅ ရက်အထိ တိုးမြှင့်လိုက်သဖြင့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တို့ရှိ တောင်သူများထံမှ စိန်တစ်လုံးသရက်သီးတန်ချိန် ၁၂၀၀ ဝယ်ယူမည့် အစီအစဉ်ပျက်ပျယ်သွားကြောင်း ရန်ကုန်အခြေစိုက် ဂျပန်ကုမ္ပဏီ ယူခီအိုမြန်မာထံမှသိရသည်။

အဆိုပါကုမ္ပဏီသည် စိန်တစ်လုံးသရက်သီးများကို မေလ ၄ ရက်မှစကာ ဝယ်ယူမည်ဟု တောင်သူများနှင့်စာချုပ်ချုပ်ထားသော်လည်း လက်ရှိအချိန်တွင် Covid-19 ရောဂါထိန်းချုပ်ရေးအတွက် မေလ ၁၅ ရက်ထိ ကူးသန်းသွားလာမှုများကို ကန့်သတ်လိုက်သဖြင့် စာချုပ်ပါသဘောတူညီချက်အရ သရက်သီးမဝယ်ယူနိုင်တော့ကြောင်း ကုမ္ပဏီတာဝန်ရှိသူက ပြောသည်။´´ လက်ရှိမှာ သရက်ဝယ်ယူရေးအတွက် အခက်အခဲတွေ အများကြီးဖြစ်နေပါတယ်။ ကိုရိုနာကြောင့် ရန်ကုန်က စက်ရုံမှာ စက်တွေတပ်ဆင်ဖို့အတွက် ကြန့်ကြာသွားတာတွေရှိတယ်။ နောက်ရန်ကုန်မှာ မလုပ်နိုင်တော့လို့ မန္တလေးမှာ ရွှေ့လုပ်ဖို့စဉ်းစားတယ်။ ဒါပေမယ့် ရန်ကုန်ကနေ မန္တလေးကိုဝင်မယ်ဆိုရင် ၂၁ ရက် quarantineဝင်ရမယ်ဆိုတာတွေ ထုတ်ပြန်ထားတာက သရက်ဝယ်ယူမှုကိုအခက်အခဲဖြစ်နေပါတယ်’’ဟု အဆိုပါကုမ္ပဏီ ဒုတိယတာဝန်ခံ ဦးနိုင်မင်းသန်းက ပြောသည်။

ရောဂါထိန်းချုပ်မှုများမရှိခင်က စာချုပ်ချုပ်ဆိုထားခြင်းဖြစ်သော်လည်း လက်ရှိအခြေအနေအရ စာချုပ်ကြောင့် ထိန်းထားတာမျိုးမလုပ်လဲ အဆင်ပြေသည့်နေရာတွင်ရောင်းချနိုင်ကြောင်း၊ ကုမ္ပဏီက ဝယ်နိုင်သလောက်ဝယ်ပေးမည်ဟု တောင်သူများကို အကြောင်းကြားပေးထားကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးကပြောသည်။ `` ဒီနှစ်သရက်ရာသီမတိုင်မီ ကတည်းက ဝယ်ယူမည့်အဖွဲ့လေးဖွဲ့လောက်ရှိပါတယ်။ ဂျပန်၊ မြို့သာ ၊ မြန်မာဂျီပီ ၊ပြည်တွင်းပို့သမားတွေရှိနေတယ်။ လက်ရှိ မှာတော့ တောင်သူဈေးနှုန်းမဖြစ်တော့ပဲ ဝယ်ယူသူဈေးကွက် ဖြစ်သွားနိုင်တယ်လို့သုံးသပ်ရပါတယ်။ အရင်ကတော့ အသီး မရမှာစိုးလို့ စာချုပ်ချုပ်ဝယ်ယူကြတာပါ။ လက်ရှိမှာတော့ တောင်သူက ဘယ်ရောင်းရမှန်းမသိဖြစ်နေကြတယ်။ခူးဆွတ်မှု အပိုင်းမှာလည်း အခက်အခဲရှိလာနိုင်တယ်။ စိန်တလုံးရာသီကတော့ မေ၊ ဇွန်လောက်မှာပဲ အသီးထွက်တာပါ´´ မြန်မာ့သရက် ဈေးကွက်နှင့် နည်းပညာမျှဝေရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်စိုးနိုင်ကပြောသည်။

**Source:** http://htwettoe.com/article-details/education/9208665

## ငရုတ်သီးအစို တင်ပို့နိုင်ခြင်းမရှိ၍ တောင်သူများထိခိုက်ဆုံးရှုံးနေ

Covid-19 ရောဂါထိန်းချုပ်ရေးအထွက် လူစုလူဝေးမပြုလုပ်ရန်၊ ညမထွက်ရန်နှင့် ကျေးရွာများတွင် လူစိမ်းအဝင်မခံခြင်း တို့ကြောင့် စိုက်ပျိုးထားသည့် ငရုတ်သီးများခူးဆွတ်ခြင်း တင်ပို့ခြင်းတို့မလုပ်နိုင်၍ ဆုံးရှုံးမှုများကြုံတွေ့နေရကြောင်း



မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်ရှိ ငရုတ်စိုက်တောင်သူများက ပြောသည်။ အစိုးရတားမြစ်မိန့်ထုတ်ပြန်ချက်များတွင်စားသောက်ကုန်ထုတ်လုပ် ရေးလုပ်ငန်းများနှင့် ပို့ကုန်လုပ်ငန်းများ ပိတ်ထားရန်မပါသော်လည်း ဒေသတွင်းအမိန့်များကြောင့် မြစ်သားမြို့နယ်အတွင်းမှ ငရုတ်သီးစိုက်တောင်သူများ လုပ်ငန်းခွင်ဝင်ရန် အခက်တွေ့နေခြင်းဖြစ်သည်။ မြစ်သားမြို့နယ်အတွင်းမှ ငရုတ်အစိုများကို တောင်သူများထံမှ ဝယ်ယူပြီး ရွေးချယ်သန့်စင်ကာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့တင်ပို့ရန် အအေးခန်းစက်ရုံကို ယခုနှစ်စတင်လည်ပတ်ရန် ဖွင့်လှစ်ခဲ့သော်လည်း ဒေသတွင်းအမိန့်များနှင့် ကျေးရွာများတွင် လူစုလူဝေးမပြုလုပ်ရန် တားမြစ်ချက်များကြောင့် စက်ရုံ အတွက် လိုအပ်သောကုန်ကြမ်းမဝယ်ယူနိုင်သည့်အပြင် လုပ်ငန်းလည်း မလည်ပတ်နိုင်သဖြင့် မြစ်သား ၊ ကျောက်ဆည် ၊ မန္တလေးတို့မှ ငရုတ်အစိုများ ခူးဆွတ်ရောင်းချနိုင်ခြင်းမရှိကြောင်း ငရုတ်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောသည်။ "ဒီအချိန်က မြစ်သား ၊ ကျောက်ဆည်၊ မန္တလေးက ငရုတ်သီးအထွက် အကောင်းဆုံးအချိန်ပါ။" ဟု ၎င်းကပြောသည်။ မန္တလေးခရိုင်၊ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်များမှာ ဧပြီနှင့်မေလများတွင် ငရုတ်သီး ထွက်ရှိပြီး မြစ်သားတစ်မြို့နယ်တည်းမှာပင် တစ်ရက်လျှင် ငရုတ်အစို တန်ချိန် ၂၀၀ နီးပါးနေ့စဉ်ထွက်ရှိကြောင်း၊ ခူးဆွက်ရောင်းချနိုင်ခြင်းမရှိသောကြောင့် အလုပ်သမားများ၊ စိုက်ခင်းရှင်များ၊ ကုန်သည်များ ကွင်းဆက်တစ်ခုလုံး အဆင်မပြေဖြစ်နေကြောင်း မြစ်သားမြို့နယ် ရပ်စောက်ကျေးရွာမှ ရွှေမင်းမိတ်အအေးခန်း ငရုတ်သီးပွဲရုံ ပိုင်ရှင်ဦးစန်းလင်းကပြောသည်။

"တောင်သူတွေ အခက်အခဲဖြစ်ပြီး နေ့စဉ်ဆုံးရှုံးမှုတွေဖြစ်ပေါ်နေတယ်။ ငရုတ်ကွင်းတွေကိုလိုက်ကြည့်တယ် ။လုပ်ငန်းတွေအကုန်ရပ်ခိုင်းထားတော့ အလုပ်သမားတွေလည်း အဆင်မပြေဘူး။ ငရုတ်စိုကို မရောင်းရလို့ နေလှန်းမယ်ဆိုလည်း လေတိုက်လိုက် မိုးရွာလိုက်ဖြစ်နေပါတယ်။ ကျွန်တော်စက်ရုံက ကျန်းမာရေးက ညွှန်ကြားထားတဲ့အတိုင်း လူခွဲပြီး ဆောင်ရွက်လို့ရပါတယ်။ စိုက်ခင်းထဲခူးလာတာတွေကို သန့်စင်ပြီးတင်ပို့ရတာပါ။ ဒါတွေကို သေချာဆင်းကြည့် လေ့လာပြီး ခွင့်ပြုပေးသင့်ပါတယ်" ဟု ၎င်းကပြောသည်။ ရောင်းဝယ်ရေးအခက်အခဲကြောင့် ငရုတ်ဈေးနှုန်းများကျနေကြောင်း၊ လက်ရှိတွင် သန့်စင်ပြီး ငရုတ်အစို တစ်ပိဿာလျှင် ၁၆၀၀မှ ၁၈၀၀ကျပ် ပေါက်ဈေးရှိပြီး ပြီးခဲ့သည့်နှစ်က တစ်ပိဿာလျှင် ကျပ် ၅၀၀၀နှင့်အထက် ရရှိကြောင်း ဒေါ်ဥမ္မာကျော်ကပြောသည်။

"ဒီရာသီက ထိုင်းမှာ ငရုတ်ထွက်ရာသီကုန်ကာနီးအချိန်ပါ။ တရုတ်နိုင်ငံမှာကလည်း ရောဂါတွေကြောင့် စိုက်ပျိုးမှုနည်းပြီး လိုအပ်ချက်များနေချိန်ပါ။ ဒီလို အချိန်မှာ မြန်မာပြည်ကနေ အမြန်တင်ပို့နိုင်ရန် တောင်သူတွေ အတွက်အဆင်ပြေမယ့်အချိန်ပါ။ တောင်သူတွေက စိုက်ပျိုးစရိတ်ရင်းနှီးထားရတာပါ။ အခုဖြစ်နေတာက အစိုလည်း မတင်နိုင်၊ အခြောက်လည်းမလှန်းနိုင်ဖြစ်နေတာပါ" ဟု ဒေါ်ဥမ္မာကျော်ကပြောသည်။ Covid-19 ရောဂါထိန်းချုပ်မှုအတွက် သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများမှာ တိုင်းဒေသကြီး၊ မြို့နယ်၊ ကျေးရွာများ တစ်ခုချင်းစီတွင် ကွဲပြားချက်များရှိနေပြီး တောင်သူစိုက်ပျိုးထုတ်လုပ်သည့် ရာသီသီးနှံများ ခူးဆွတ်တင်ပို့မှုများမလုပ်နိုင်ခြင်းကို သက်ဆိုင်ရာဌာနများက အကူအညီပေးသင့်ပြီး တောင်သူများ၏ သီးနှံများတင်ပို့နိုင်ရန် အကူအညီများလိုအပ်နေသည်။ ညောင်တုန်းမြို့နယ်မှ ငရုတ်စိုက်ပျိုးတင်ပို့သူ ဦးပိုက်က`` တောစိုက်ခင်းတွေမှာ တစ်နေရာနဲ့တစ်နေရာ မသွားရမလာရနဲ့ ပိတ်နေတော့ အသီးမခူးနိုင်ဖြစ်နေတာပါ။ ဧရာဝတီဒေသငရုတ်က ကျွန်းတွေကရွာမှာ စိုက်ထားတာများတယ်။ လက်ရှိမှာက ဒေသအလိုက်အမိန့်ဆိုတာထက် ရွာတွေက ငရုတ်သီးခူးသမားတွေကို အဝင်မခံ အလာမခံကြဘူး။ ငရုတ်သီးက သူ့အသီးခူးပတ်နဲ့သူခူးရတာပါ။ နောက်ကျရင် ပျော့သွားတယ်။ အခုတော့ ညပိုင်းမထွက်ရအမိန့်နဲ့ လူစုလူဝေးမလုပ်ရတာနဲ့ဆိုတော့ ဘာမှလုပ်မရတော့ဖြစ်နေတာပါ။ တောင်သူကတော့ ဈေးကောင်းရမယ့် အစိုသီးကို မရောင်းရတော့ အခြောက်ခံနေတယ်။ လကုန်ပိုင်းဆိုရင် မိုးကရွာတော့မယ်။ ´´ ဟု ပြောသည်။

**Source:** တောင်သူကြီးများဂျာနယ်

http://htwettoe.com/article-details/education/9222267

## အခြေခံစားသောက်ကုန် ၁၀ မျိုးဝယ်ယူရန် သီရိလင်္ကာကမ်းလှမ်းလာ၊ ဝယ်ယူမည့်ပမာဏ မသိရသေး



သီရိလင်္ကာနိုင်ငံမှ ၎င်းတို့အတွက်လိုအပ်ချက်ရှိနေသော အခြေခံစားသောက်ကုန် ၁၀ မျိုးကို မြန်မာနိုင်ငံမှဝယ်ယူရန်အတွက် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ ဆက်သွယ်လာသဖြင့် ပြည်တွင်းတင်ပို့သူများထံ ဧပြီ ၃၀ ရက်နေ့က အသိပေးအကြောင်းကြားထားပြီး လတ်တလောတွင် ဝယ်ယူမည့်ပမာဏမသိရသေးကြောင်း ရတနာပုံကုန် သွယ်မှု(ဗဟိုဌာန)မှ သိရသည်။

အဆိုပါ စားသောက်ကုန် ၁၀ မျိုးမှာ Red Lentil Split(Dhal) (ပဲနီလေး), Big Onion(ကြက်သွန်နီ), Canned Fish (ငါးသေတ္တာ), Corlander(နံနံပင်), Garlic(ကြက်သွန်ဖြူ ), Moong Dhal(ပဲတီစိမ်း), Sprats(ငါးပြား), Dried Chilly(ငရုတ်သီးခြောက်), Cowpea(ပဲလွန်း), Chick Pea(ကုလားပဲ)တို့ဖြစ်သည်။ "လောလောဆယ် ဝယ်မယ့်ပမာဏတွေမပါသေးဘူး။ B2B သဘောနဲ့ဝယ်တာဖြစ်တယ်။ သီရိလင်္ကာမှာရှိတဲ့ စီးပွားရေးသံမှူးနဲ့ချိတ်ဆက်ပေးမှာပါ။ သံအမတ်ကြီးပြောလာတဲ့အပေါ် အကြောင်းကြားပေးထားတယ်။ အဲဒီနိုင်ငံက တင်ပို့ရောင်းချဖို့ကောင်းပါတယ်။ ကျွန်တော်တို့က အချိတ်အဆက်နည်းနေသေးလို့ပါ"ဟု ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန(နေပြည်တော်) မှ ပြန်ကြားရေးမှူး ဦးမျိုးသူကပြောသည်။

သီရိလင်္ကာနိုင်ငံမှ ဆက်သွယ်လာခြင်းကြောင့် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (မန္တလေးတိုင်း- MRCCI )၊ မန္တလေးကုန်စည်ဒိုင်၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းများအသင်းချုပ်၊ သက်ဆိုင်ရာစားသောက်ကုန်ထုတ်လုပ်တင်ပို့သည့် လုပ်ငန်းရှင်အသင်းများသို့ အကြောင်းကြားပြီးဖြစ်ကြောင်းသိရသည်။ "Suppliers တွေစာရင်းပေးဖို့ ဆက်သွယ်လာတာဖြစ်ပြီး ဒီကာလမှာ အခွင့်အရေးတစ်ခုယူလို့ရနိုင်တယ်။ အားလုံးကို အကြောင်းကြားထားပြီ။သူတို့ ဘယ်လိုပုံစံလိုချင်လဲဆိုတာသိရင် ထပ်ပြီးအကြောင်းကြားမယ်။ ဒီဘက်က Supplyer တွေ ဘယ်လောက်ပေးနိုင်မယ်၊ ဘယ်အချိန်၊ ဘယ်ကာလပေးနိုင်မယ်ဆိုတာ ဆက်လုပ်ရမှာပါ"ဟုရတနာပုံကုန်သွယ်မှုဗဟိုဌာန(မန္တလေး)ဦးစီးအရာရှိ ဒေါ်သက်သက်နိုင်က ပြောသည်။

သီရိလင်္ကာနိုင်ငံမှ လိုအပ်သော အခြေခံစားသောက်ကုန်များကို ပြည်တွင်းမှ ထုတ်လုပ်သူနှင့် လုပ်ငန်းရှင်များ တင်ပို့နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ပြီး ဝယ်ယူမည့်ပမာဏနှင့် ဝယ်ယူမည့်အနေအထားတို့ကို စီးပွား/ကူးသန်းဝန်ကြီးဌာနမှ ခန့်အပ်တာဝန်ပေးထားသော စီးပွားရေးသံမှူးများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ မန္တလေးတိုင်းကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း MRCCI ဗဟိုအလုပ်အမှုဆောင် ဦးဝင်းငွေး က ''COVID-19 ကြောင့် ကုန်သွယ်မှုနဲ့စီးပွားရေးလုပ်ငန်းထိခိုက်မှုရှိနေတယ်။ အခုလိုအချိန် တင်ပို့နိုင်ရင်ကောင်းတယ်။ တင်ပို့နိုင်ဖို့ဆိုတာ သက်ဆိုင်ရာဌာနတွေအနေနဲ့ ဟိုဘက်က ဝယ်သူနဲ့ ဒီဘက်က တင်ပို့မယ့်သူတွေကို အမြန်ဆုံးဖြစ်အောင် ချိတ်ဆက်ပေးဖို့ပါ" ဟု သုံးသပ်ပြောကြားခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/138785.html

## ရေလုပ်ငန်းဆိုင်ရာ ထွက်ကုန်များ အီးယူနှင့် နိုင်ငံတကာဈေးကွက်သို့ အရည်အသွေးမီတင်ပို့နိုင်ရေး ရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်ကို ငါးလုပ်ငန်းနှင့် EU-GIZ တို့ ပူးပေါင်းရေးဆွဲ

ရေလုပ်ငန်းဆိုင်ရာ ထွက်ကုန်များ အီးယူနှင့်နိုင်ငံတကာ ဈေးကွက်သို့ အရည်အသွေးမီတင်ပို့နိုင်ရေးအတွက် ရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို ငါးလုပ်ငန်းဦးစီးဌာနနှင့် EU-GIZ တို့ ပူးပေါင်းရေးဆွဲခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။ ရေလုပ်ငန်းဆိုင်ရာထွက်ကုန်များ အီးယူနှင့်နိုင်ငံတကာဈေးကွက်သို့ အရည်အသွေးမီတင်ပို့နိုင်ရေးအတွက် EU Guideline နှင့်အညီ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်ကို မွေးမြူရေး လုပ်ငန်းရှင်များ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ပညာပေးသင်တန်းများဆောင်ရွက်လျက်ရှိပြီး ရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအစီအစဉ်ကို ငါးလုပ်ငန်းဦးစီးဌာနနှင့် EU-GIZ တို့ ပူးပေါင်းရေးဆွဲခဲ့ပြီး



ငါးမွေးမြူရေးလုပ်သားများအတွက် လိုအပ်သည့်စံနှုန်းများ သတ်မှတ်ရေးကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ငါးမျိုးပြုန်းတီးမှု မဖြစ်စေရန်၊ သဘာဝရေပြင်တွင် ငါးမျိုးများ စဉ်ဆက်မပြတ်တည်ရှိစေရန်၊ ငါး ထုတ်လုပ်မှု တိုးတက်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်စေရန် ၂၀၁၉ ခုနှစ် ဧပြီမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ငါးသားပေါက်ကောင်ရေ ၁၄၈၈ ဒသမ ၅၅ သိန်းကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ ပြည်ပသို့ ရေထွက်ပစ္စည်း တင်ပို့မှုတွင်၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၈၂ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ အမေရိကန် ဒေါ်လာ ၅၀၂ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၅၂ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ် ၁၈ ရက်အထိ အမေရိကန် ဒေါ်လာ သန်း ၆၈၀ ကျော်နှင့်၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင်အမေရိကန်ဒေါ်လာ သန်း ၇၂၀ ရရှိထားပြီး ဆယ်စုနှစ်အတွင်း တင်ပို့မှုအများဆုံး ရရှိထားသည်ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်း ဦးစီးဌာနမှ သိရသည်။ လက်ရှိဘဏ္ဍာနှစ် ခြောက်လခွဲကျော်တွင် ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုမှ ဒေါ်လာသန်း ၅၃၀ ကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၆၇ သန်းကျော် ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စာရင်းများအရ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဧပြီ ၁၇ ရက်အထိ ပြည်ပသို့ ရေထွက်ကုန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၃၅ ဒသမ ၄၀၁ သန်း ရရှိထားသည်။ ယခင်နှစ်ကာလတူတွင်မူ အမေရိကန်ဒေါ်လာ ၄၆၈ ဒသမ ၁၆၈ သန်းသာ ရရှိထားသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် ခြောက်လခွဲကျော်တွင် ပြည်ပသို့ရေထွက်ကုန်တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် အမေရိကန် ဒေါ် လာ ၆၇ ဒသမ ၂၃၃ သန်း ပိုမိုရရှိခဲ့ကြောင်းသိရသည်။

လက်ရှိမြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ငါး၊ ပုဇွန်အပါအဝင် ရေထွက်ကုန်ပစ္စည်းတင်ပို့နေသည့်ပမာဏက အိမ်နီးချင်း နိုင်ငံများ၏တင်ပို့မှုပမာဏကိုမီရန် အဆပေါင်းများစွာ လိုအပ်နေသေးကြောင်း၊ ထို့ကြောင့် တင်ပို့မှုပမာဏကို မြှင့်တင်ရာတွင် သဘာဝ ဖမ်းဆီးရောင်းချခြင်းထက် မွေးမြူရေးစနစ်များ ကောင်းမွန်အောင်ဆောင်ရွက်ကာ တင်ပို့သင့်ကြောင်း ငါးလုပ်ငန်း ဦးစီးဌာနမှသိရသည်။ ထို့ကြောင့် အမေရိကန်ဒေါ်လာ သုံးဘီလျံခန့်အထိ ရရှိအောင် ထုတ်လုပ်နိုင်ရန် ခေတ်မီနည်းစနစ်များဖြင့် ငါးကန်၊ ငါးစာထုတ်စက်ရုံ၊ အအေးခန်းစက်ရုံနှင့် ထုတ်ကုန်အရည်အသွေးမြှင့်စက်ရုံများကို အင်ဒိုနီးရှား၊ ထိုင်ဝမ်နှင့် တရုတ်ပညာရှင်များဖြင့် ပူးပေါင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း ၂၀၁၈ ခုနှစ် မေကပြုလုပ်သည့် ဒုတိယသမ္မတ (၁) နှင့် လုပ်ငန်းရှင်များ ၁၆ ကြိမ်မြောက်တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်ကတင်ပြခဲ့သည်။

**Source:** https://news-eleven.com/article/171957

## Covid-19 ကြောင့် အီးယူ မှာယူမှုပျက်သည့်ရေထွက်ကုန်ကဏ္ဍ

မြန်မာ့ရေထွက်ကုန်များ ပြည်ပတင်ပို့ရာတွင် အီးယူ Order(မှာယူမှု)ရပ်ခြင်း၊ Order Cancel(မှာယူမှုဖျက်ခြင်း)လုပ်ခြင်းနှင့် ရေထွက်ကုန် Supply Chain(အရောင်းအဝယ်)ရပ်နေပြီး ပြည်တွင်းငါးဖမ်းရာသီမပြောင်းလဲပါက ရေထွက်ကုန်ကဏ္ဍ အကြီးအကျယ်ကျဆုံးမည့်နှစ်ဖြစ်လာမည်ဟု မြန်မာနိုင်ငံရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သူများနှင့် တင်ပို့သူများအသင်း၊ အတွင်းရေးမှူး ဦးမျိုးညွန့်ကပြောသည်။ "ရေထွက်ကုန်တင်ပို့မှု ရပ်နေတယ်။ ဘယ်မှ ပို့လို့မရဘူး။ အကုန်လုံး Order တွေ Cancel ဖြစ်သွားတယ်။ အနောက်နိုင်ငံတွေကလည်း အကုန်လုံး lockdown ဖြစ်နေတော့ အကုန်လုံး order မရှိဘူး။ ရှိတဲ့ order တောင်ရပ်သွားတာ"ဟု ၎င်းက မြန်မာတိုင်းမ်ကိုပြောသည်။ မြန်မာနိုင်ငံ၏ ရေထွက်ကုန်တင်ပို့မှုကို အနောက်နိုင်ငံများနှင့် အီးယူဈေးကွက်သို့ အဓိကတင်ပို့ နေခြင်း ဖြစ်ပြီး တရုတ်နိုင်ငံသို့ တင်ပို့မှုဈေးကွက်မှာ အနည်းငယ်သာရှိသည်။ Covid-19သည် အီးယူအပါဝင် ကမ္ဘာ့နိုင်ငံအများစုသို့ပျံ့နှံ့နေခြင်းကြောင့် ကမ္ဘာ့ကုန်သွယ်ရေးစီးဆင်းမှုအပေါ် ရိုက်ခတ်လာခဲ့ပြီး Covid-19 ရောဂါသက်ရောက်ခံရသောနိုင်ငံများတွင် lockdownချသည့် အခြေအနေများလည်းရှိသည်။ ယင်းအခြေအနေများကြောင့် မြန်မာ့ရေထွက်ကုန်တင်ပို့မှုအပေါ်ရိုက်ခတ်လာခဲ့ခြင်းဖြစ်ပြီး ရေထွက်ကုန်ပြည်ပတင်ပို့မှု မတ်လကတည်းကစတင်ခဲ့ခြင်း

ဖြစ်ကာ ယခုအခါလုံးဝရပ်တန့်သွားပြီဟု မြန်မာနိုင်ငံရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သူများနှင့်တင်ပို့သူများအသင်းကဆိုသည်။ ''အခုဟာက အအေးခန်းတွေက Export လုပ်လို့မရတဲ့အတွက် ဝင်ငွေမရှိဘူး။ ဝင်ငွေမရှိတော့ စက်ရုံတွေက ရပ်တဲ့ဟာ ရပ်သွားပြီ။အကုန်လုံးထိခိုက်တာ။လုပ်ငန်းတစ်ခုလုံး ရပ်သွားတယ်။ အခုဆိုရင် စက်ရုံတွေကလည်းဖွင့်ခွင့် မရှိဘူး။ ရေထွက်ကုန်က အဓိက အခြေခံလူတန်းစားတွေ အများကြီးပဲ။ အခုအခြေခံလူတန်းစားတွေအတွက် အလုပ်မရှိဘူး။ အလုပ်က ရပ်နေပြီ''ဟု ဦးမျိုးညွှန့်က ပြောသည်။

ပင်လယ်မှ ငါး၊ ပုဇွန်ဖမ်းသော လှေများအားလုံးသည် ငါး ၊ပုဇွန်ချဆိပ်ကမ်းများတွင် ဆိုက်၍ လေလံဖြင့် ရောင်းချခြင်း ဖြစ်ပြီး ယခုအခါ ဆိပ်ကမ်းရောက်ချိန်တွင် ဝယ်ယူမည့်သူလုံးဝမရှိခြင်းကြောင့် ရန်ကုန်ဆိပ်ကမ်းများတွင် ဆိုက်သော ငါးဖမ်းသင်္ဘောများအားလုံး ဒုက္ခရောက်ကြကာ ဆုံးရှုံးမှုများဖြစ်ပေါ်ကြသည်။ ''လှေတစ်စီးကို သိန်းရာချီ ထောင်ချီပြီး ဆုံးရှုံးကြတယ်။ ပုံမှန်က တစ်နေ့ကို တန်ချိန်ရာချီပြီးရောင်းနေတာ။ အခု ဆိပ်ကမ်းမှာ ဝယ်ယူမယ့်သူ လုံးဝမရှိဘူး။ ကျွန်တော်တို့ ရေထွက်ကုန်က တော်တော်အထိနာမဲ့ သဘောရှိတယ်။ အခုငါးဖမ်းရာသီချိန်မှာ စက်ရုံ၊အလုပ်ရုံတွေ အလုပ်လုပ် လို့မရတဲ့အတွက်ပိတ်လိုက်တော့ ငါးဖမ်းသင်္ဘောတွေက ဝင်လာတယ်။သူတို့မှာ မရောင်းရတဲ့အတွက်ကြောင့် ငါးဖမ်းလည်း ရပ်သွားပြီ''ဟု ဦးမျိုးညွှန့်ကပြောသည်။

အဆိုပါအခြေအနေများကြောင့် ဧပြီနှင့်မေလတွင် ငါးဖမ်းတော့မည်မဟုတ်ဘဲ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများသည် ငါးဖမ်း ပိတ်သော ရာသီဖြစ်သည့်အတွက် အကယ်၍အစိုးရက စက်ရုံများပြန်လည်ပတ်ခွင့်ပေးမည်ဆိုလျှင်ပင် ယင်းငါးဖမ်းပိတ်သည့် ရာသီများတွင် ကုန်ကြမ်းမရှိတော့သည့်အခြေ အနေနှင့် ရင်ဆိုင်ရမည်ဟု မြန်မာနိုင်ငံရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သူများနှင့် တင်ပို့သူများအသင်းကဆိုသည်။ ယခုနှစ်အတွက် ရေထွက်ကုန်လုပ်ငန်းသည် မတ်လကတည်းကစထိခဲ့ပြီး မတ်၊ ဧပြီ၊ မေလများသည် Covid-19 ကြောင့် ထိခိုက်မည်ဖြစ်ပြီး ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများသည် ငါးဖမ်းရာသီပိတ်သည့်အတွက် ကုန်ကြမ်းမရှိ၍ လုပ်ငန်းများပိတ်ရမည်ဖြစ်ရာ ရေထွက်ကုန်လုပ်ငန်းအားလုံး ၆ လခန့် အကြီးအကျယ်ထိခိုက်လိမ့်မည်ဟု ၎င်းကပြောသည်။ ''ရေထွက်ကုန်လုပ်ငန်းက ဒီနှစ်အကြီးအကျယ်ကျဆုံးမယ့် နှစ်လို့ပဲ သုံးသပ်တယ်''ဟု ၎င်းကဆိုသည်။

အဆိုပါ ခြောက်လအတွင်း ရေထွက်ကုန်တင်ပို့နိုင်ခြင်းမရှိသည့်အတွက် ရေထွက်ကဏ္ဍတွင် လုပ်ငန်းလျှော့ချရခြင်း၊ ရပ်ရခြင်းများ လုပ်ဆောင်ရတော့မည်ဖြစ်သည့်အတွက် ဝန်ထမ်းများ၏ စားစရိတ်အခြေအနေမှာ မရေရာတော့ပေ။ ရေထွက်ကုန်စက်ရုံများရှိ လူမှုဖူလုံရေးကြေးပေးသွင်းထားသည့် လုပ်သားများအတွက် အစိုးရက ပိတ်သည့် ဧပြီလ ၁၀ ရက်စာ လူမှုဖူလုံရေးကြေးမရရှိပါက ကုမ္ပဏီကစိုက်ထုတ်ပေးသွားရမည်ဟုသိရသည်။ ''နိုင်ငံတော်ကဘယ်လောက် ထောက်ပံ့ထား မှာလဲ။ ထောက်ပံ့နိုင်မှာလဲ။အဲဒီတော့ရေထွက်ကုန်အခြေအနေက ၆ လလောက်ထိခိုက်မယ်။ပြုပြင်ထုတ်လုပ်တဲ့ စက်ရုံတွေတင မကဘူး။ငါးဖမ်းတဲ့လှေတွေပါ ၆ လလောက်ထိမှာ။ အဲဒါကို နိုင်ငံတော်က တစ်ခုခုစဉ်းစားပေးစေချင်တယ်''ဟု မြန်မာနိုင်ငံ ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သူများနှင့်တင်ပို့သူများအသင်းကပြောသည်။

Covid-19 ကြောင့် စီးပွားရေးထိခိုက်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရသည် အဓိက အထည် ချုပ်၊ CMP လုပ်ငန်းနှင့် အသေးစား၊အလတ်စားလုပ်ငန်းများကို ချေးငွေအကူညီပေးရန်စဉ်းစားခဲ့ပြီး ရေထွက်ကုန်လုပ်ငန်းအတွက် သီးသန့် စဉ်းစားပေးခြင်းမရှိဟု ၎င်းက ထောက်ပြသည်။ ''နိုင်ငံတော်က ကိုဗစ်နဲ့ပတ်သက်ပြီး အရေးပေါ် ချေးငွေပေးတဲ့ထဲမှာ ရေထွက် ပို့ကုန်ပစ္စည်းမပါဘူး။ အီးယူကနေ အရေးပေါ်ထောက်ပံ့ကြေးပေးမယ့်ထဲမှာလည်း ရေထွက်ကုန်မပါဘူး''ဟု ဦးမျိုးညွှန့်က ဖွင့်ဟသည်။ တစ်ဖက်တွင်လည်း ရေထွက်ကုန်ကဏ္ဍလည်ပတ်ရေး ငါးဖမ်းရာသီရောက်ရန် ဩဂုတ်လ ကုန်ထိ စောင့်ရမည့် သဘောဖြစ်သည့်အတွက် ငါးဖမ်းရာသီကို ပြန်လည်သုံးသပ်ရန် လိုအပ်နေသည်။ အမှန်တကယ်တွင် ပညာရှင်များ အကြံပြုချက် အရ ငါးဖမ်းရာသီပိတ်သိမ်းမှုသည် ဖေဖော်ဝါရီ ၁၅ မှ မေ ၁၅ ထိပိတ်ရမည်ဖြစ်သော်လည်း အမှန်တကယ်ပိတ်ရမည်နှင့်လွဲ၍ နောက်သုံးလတွင် ပိတ်နေပြီး ယင်းသည် ယခင်က Result မရှိဘဲ ပိတ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ အကယ်၍ အစိုးရက ငါးဖမ်းရာသီကို ပြန်မသုံးသပ်ပေးပဲ ယခုနှစ်တွင်လည်း မှားနေသည့်အတိုင်း ဇွန်၊ ဇူလိုင်၊ ဩဂုတ်များတွင် ဆက်ပိတ်နေမည် ဆိုပါက ရေထွက်ကုန်လုပ်ငန်းကဏ္ဍရှိ ငါးဖမ်း ကဏ္ဍ၊ပြုပြင်ထုတ်လုပ်သောကဏ္ဍ၊ တင်ပို့ခြင်းကဏ္ဍအပါအဝင် Supply Chain တစ်ခုလုံး ၆ လခန့် လုပ်ငန်းသေသွားလိမ့်မည်ဟု ၎င်းကပြောသည်။

ငါးဖမ်းရာသီ ပြောင်းလဲရေးနှင့် ပတ်သက်၍ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ တင်ပြထားသော်လည်း သက်ဆိုင်ရာဝန်ကြီးဌာနက တစ်စုံတစ်ရာ တုန့်ပြန်ခြင်းမရှိသေးကြောင်းသိရသည်။ "ငါးဖမ်းရာသီနဲ့ပတ်သက်ပြီး ပြန်စိစစ်ခိုင်းထားတုန်းရှိပါသေးတယ်။ စိစစ်ပြီးရင်တော့ အဖြေပေးမှာပါ။ ကျွန်တော်တို့ သယံဇာတပျက်စီးမှု အခြေအနေ ကလည်း ငါးသားပေါက်တွေနဲ့ ငါးဥလောင်းတွေ အချိန်တွေကရွှေ့နေတာတွေလည်းရှိတယ်လို့ အကြမ်းဖျင်းသိထားပါတယ်။ အဲဒီအပေါ်မူတည်ပြီး ပညာရှင်တွေသုံးသပ်ပြီး ကျွန်တော်တို့ဆီကို ပိတ်တဲ့ကာလ ရွှေ့တိုးဖို့ကိစ္စပြောပါလိမ့်မယ်။ ဒါက လာမယ့် တစ်ပတ်မှာ ထွက်လာဖို့ရှိပါတယ်''ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်းက ပြောသည်။

ယင်းအခြေအနေများက နှစ်စဉ်ရေထွက်ကုန် ပြည်ပတင်ပို့မှုဝင်ငွေ နှစ်စဉ်အမေရိကန်ဒေါ်လာသန်း ၇၀၀ ဝန်းကျင် ရရှိနေမှုအပေါ် ရိုက်ခတ်လာမည်မှာ သေချာနေပြီဖြစ်သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ရေထွက်ကုန်ပို့ကုန်ဝင်ငွေကို ကနဦးက အမေရိကန်ဒေါ်လာ သန်း ၇၅၀ ဝန်းကျင်ရရှိရန် လျာထားခဲ့သော်လည်း ယခု အခြေအနေများအရ လျာထားချက်ပြည့်မီရန်မှာ မဖြစ်နိုင်တော့ပေ။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ ငါးလတာအတွင်း ရေထွက်ပို့ကုန်ဝင်ငွေသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းများအရ အမေရိကန် ဒေါ်လာ ၄၁၆ ဒသမ ၇၃၇ သန်းသာရရှိထားသည့်အနက် နယ်စပ်မှ ၂၆၃ ဒသမ ၄၃၃ သန်း ၊ ပင်လယ်ရေကြောင်းတင်ပို့မှုမှ ၁၅၃ ဒသမ ၃၀၄ သန်းရရှိထားသည်။ လာမည့်လများအတွက် ရေထွက်ပို့ကုန်ဝင်ငွေမှာ ပုံမှန်ဖြစ်ရန် မသေချာတော့ပေ။

**Source:** https://myanmar.mmtimes.com/news/138830.html

## မြန်အောင်တွင် ဆန်တင်ပို့မှုရပ်သွားသဖြင့် လုပ်ငန်းရှင်များနှင့်အလုပ်သမားများ အခက်ကြုံ

ဧရာဝတီတိုင်း မြန်အောင်မြို့မှာ COVID-19 ကြောင့် နယ်စပ်လမ်းတွေပိတ်ပြီး ဆန်တင်ပို့တာတွေ ရပ်တန့်သွားတာကြောင့် ဆန်လုပ်ငန်းရှင်တွေနဲ့ အလုပ်သမားတွေ အခက်အခဲဖြစ်နေကြပါတယ်။ ဆန်တင်ပို့တာတွေကို တရုတ်ဘက်နိုင်ငံ မူဆယ်ဘက်တင်ပို့နေတာဖြစ်ပြီး COVID-19 ရောဂါကြောင့် နယ်စပ်ဖြတ်တဲ့လမ်းတွေပိတ်ထားတော့ ရန်ကုန်ဘက်ကိုပဲ အားကိုးနေရတယ်လို့ ရတနာဝင် ဆန်စက်ပိုင်ရှင် ဦးဝင်းက DVB ကို ပြောပါတယ်။ မြန်အောင်မြို့မှာ လက်ရှိဆန်ဈေးအခြေအနေကတော့ အနိမ့်ဆုံး ဆန်တအိတ်ကို ၂၄,၀၀၀ ကျပ်၊ အမြင့်ဆုံး ကျပ် ၃၀,၀၀၀ ကျော် ပေါက်ဈေးရှိနေပြီး ဆန်အမျိုးအစားအလိုက် ဈေးကွာခြားတာတွေလည်းရှိပါတယ်။

အခုလို ဆန်တင်ပို့တဲ့ လမ်းကြောင်းတွေပိတ်သွားတာကြောင့် ဆန်စက်အချို့ ပိတ်လိုက်ရပြီး အလုပ်လုပ်နေတဲ့ ဆန်စက်အလုပ်သမားတွေ အခက်အခဲရှိလာနေပါတယ်။ “ကျနော်တို့မှာ အရင်ဆန်စက်လည်နေတော့ အဆင်ပြေပါတယ်။ အခု ဆန်စက်တွေ မလည်တော့ စားဝတ်နေရေးအတွက် စက်ပိုင်ရှင်က ကူညီပေးနေလို့ မငတ်ရုံသာ စားနိုင်သလောက် ရှိပါတယ်။ ကျနော်တို့ မိသားစုမှာတော့ စားဝတ်နေရေး အခက်အခဲတွေ ရှိနေတာတော့ အမှန်ပါပဲ” လို့ ဆန်စက်လုပ်သား ဦးအေးကျော်က ပြောပါတယ်။ မြန်အောင်မြို့မှာ ဆန်စက် ၅၀ ဝန်းကျင်လောက်ရှိပါတယ်။

**Source:** http://burmese.dvb.no/archives/385723

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၌ ကိုဗစ်ရန်ပုံငွေ ဦးစားပေးအသုံးပြုရန်အကြံပြု

နိုင်ငံ့စီးပွားရေးပြန်လည်ကုစားရာတွင် နိုင်ငံ၏စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကဏ္ဍများအတွက် ကိုဗစ်ရန်ပုံငွေကို ဦးစားပေးအသုံးပြုသင့်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များနှင့်ပညာရှင်များက မြန်မာတိုင်းမ်သို့ အကြံပြုပြောကြားသည်။ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်ရောဂါသက်ရောက်မှုကြောင့် ထိခိုက်မှုများပြားသည့် စီးပွားရေးလုပ်ငန်းများကို ကုစားရန် ကနဦးရန်ပုံငွေကျပ်ဘီလျံ ၁၀၀ မှ ၅၀၀အထိ အသုံးပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။“ကဏ္ဍတစ်ခုတည်းကိုဦးစားပေးလုပ်ငန်း လုပ်ကိုင်တာထက် ဘယ်လိုလုပ်ငန်းအမျိုးအစားမျိုးကို သေချာစာရင်းလုပ်ပြီးထောက်ပံ့ဖို့လိုတယ်။ ဒီအချိန်မှာတော့ ရေတိုဘယ်လိုနည်းနဲ့ကုစားလို့ရမလဲဆိုတာမျိုးကိုကြည့်ရမယ်။ ကျွန်တော်တို့အနေနဲ့ စားနပ်ရိက္ခာဖူလုံရေးကဏ္ဍမှာ အခြေအနေကောင်းတွေရှိတယ်။ လုပ်သားအင်အားလည်းများတယ်။ လက်ရှိဒီကဏ္ဍက အခြားနိုင်ငံတွေနဲ့ယှဉ်ရင် အားမကောင်းသေးဘူး။

ဒါကိုတော့ သတိထားရမယ်။ ဒီကဏ္ဍက ရေတိုအတွက်တော့ အသက်ကယ်ဆေးတစ်ခုလိုဖြစ်နေတယ်”ဟု စီးပွားရေးသုတေသီ ဦးမင်းဇာနည်လွင်ကဆိုသည်။ ထို့ပြင် နိုင်ငံတော်အနေဖြင့် မိမိအသုံးပြုသည့် ရန်ပုံငွေများအတွက် အကျိုးဖြစ်ထွန်းမှုများ ရှိသည့်လုပ်ငန်းများကို စာရင်းပြုစု၍ ဘဏ္ဍာငွေများကို ခွဲဝေအသုံးပြုရန်လိုအပ်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက ထောက်ပြပြောဆိုကြသည်။ “ကမ္ဘာကြီးက ပြန်လည်ကျန်းမာလာတာနဲ့အမျှ စားသောက်ကုန်က လိုကိုလိုလာမှာပဲ၊ မြန်မာနိုင်ငံ အနေနဲ့ စိုက်ပျိုးရေး အခြေပြုနိုင်ငံဖြစ်တယ်။ ဒါကြောင့် စိုက်ပျိုးရေးနဲ့မွေးမြူရေးဖြစ်တဲ့ကဏ္ဍတွေမှာ ကြိုတင်ပြင်ဆင် ထားနိုင်ရင် ကမ္ဘာကဝယ်တဲ့အခါမှာ အဆင်သင့်ဖြစ်နိုင်မယ်”ဟု အထည်ချုပ်စီးပွားရေးလုပ်ငန်းရှင် ဦးထွန်းထွန်းကဆိုသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် လက်ရှိတွင်လုပ်ငန်းလည်ပတ်ရန် အဆင်သင့်ဖြစ်နေပြီး ယင်းလုပ်ငန်းအတွင်း လုပ်ကိုင်နေသည့် လုပ်သားအင်အားအများစုရှိနေခြင်းကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းစုများတွင် ရန်ပုံငွေဦးစားပေး ဆောင်ရွက်ရန် အကြံပြုပြောဆိုသည်။ ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ကိုဗစ်ရောဂါပျံ့နှံ့မှုကြောင့် စီးပွားရေးလုပ်ငန်းကဏ္ဍ အသီးသီး၌ ထိခိုက်မှုများရှိနေခြင်းဖြစ်ပြီး လုပ်သားအင်အားအများစုရှိသည့်လုပ်ငန်းများတွင်လည်း ရန်ပုံငွေများထောက်ပံ့သင့်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များကဆိုသည်။ “လက်ရှိမှာ အသင့်တော်ဆုံးကတော့ မွေးမြူရေးနဲ့ စိုက်ပျိုးရေးကဏ္ဍပဲ။ဒီကဏ္ဍက လုံးဝကိုအထိအခိုက်မခံဘူး။ဒီကဏ္ဍထဲမှာက လူဦးရေအများဆုံးအသုံးပြုတဲ့ကဏ္ဍ၊သေချာတာက ဒီကဏ္ဍဟာ တိုင်းပြည် GDPရဲ့၃၀ရာခိုင်နှုန်းပဲရှိပေမယ့်လူဦးရေ ၇၀ရာခိုင်နှုန်းကို ကိုယ်စားပြုတယ်။ ဒါကြောင့် ဒီကဏ္ဍကို ဦးစားပေးလုပ်ရင် နိုင်ငံ့စီးပွားရေးက သေချာတာက အောက်မဆင်းသွားဘူး”ဟု ရွှေလင်ဗန်းစက်မှုဇုန်အတွင်းရေးမှူး ဦးနေလင်းဇော်ကဆိုသည်။

ကိုဗစ်– ၁၉ ရောဂါ သက်ရောက်မှုကြောင့် အခက်အခဲများ ရင်ဆိုင်နေရသည့် စီးပွားရေး လုပ်ငန်းများအတွက် စီးပွားရေး ကုစားမှုအစီအစဉ်များအတွက်ထုတ်ပြန်ထားသည့် COVID – 19 Economic relief Plan တွင် ကဏ္ဍစုံလွှမ်းခြုံသော စီးပွားရေးလှုံ့ဆော်မှု အစီအစဉ်တစ်ရပ်အဖြစ်ရေးဆွဲထားပြီး ရည်ရွယ်ချက် ၇ ခု၊ ဗျူဟာ ၁၀ ခုအပါအဝင် လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်မှု အစီအစဉ်များပါဝင်သည်။ အစိုးရသည် မက်ခရိုစီးပွားရေးဝန်းကျင်ကိုမြှင့်တင်၍ ပုဂ္ဂလိက စီးပွားရေး ကဏ္ဍအပေါ် ကိုဗစ် ၁၉ သက်ရောက်မှုကြောင့် ထိခိုက်နေမှုများအား ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့်ဘဏ်လုပ်ငန်း တိုးတက်မှုဖြင့် တုန့်ပြန်ရန်အစီအစဉ်များကို ထည့်သွင်းထားခြင်းဖြစ်သည်။ အစိုးရ၏ အစီအစဉ်အရ စီးပွားရေးလုပ်ငန်းများ အတွက် လုပ်သာကိုင်သာရှိစေရန် ဖြေလျှော့မှုများနှင့် ငွေကြေးထောက်ပံ့မှုပေးနိုင်ရန်တို့ကို အဓိကဆောင်ရွက်ရန် ရည်ရွယ်ထားခြင်းလည်းဖြစ်သည်။ ထို့ပြင် COVID – 19 Economic relief Plan တွင် လုပ်သားများအပေါ် သက်ရောက်မှုများ သက်သာစေမည့် အစီအစဉ်များနှင့် အိမ်ထောင်စုများအပေါ် သက်ရောက်မှုများကို သက်သာစေမည့် အစီအစဉ်များ၊ ကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များကို ထည့်သွင်းရေးဆွဲထားသည်။

**Source:** https://myanmar.mmtimes.com/news/138821.html

## တရုတ်ရှိ အမေရိကန်ကုမ္ပဏီ ၁၀၀ ခန့် အိန္ဒိယသို့ရွှေ့ပြောင်းရန် စိတ်အားထက်သန်

COVID-19 ကပ်ဘေးကြောင့် တရုတ်တွင်ရှိနေသော အမေရိကန်ကုမ္ပဏီ ၁၀၀ နီးပါးသည် အိန္ဒိယနိုင်ငံ ဥတ္တရပရာဒက်ရှ် ပြည်နယ်အား ၎င်းတို့၏ နေရာသစ်အဖြစ် အလေးအနက်ထား စဉ်းစားလျက်ရှိသည်။ အမေရိကန်-အိန္ဒိယ မဟာဗျူဟာ မိတ်ဖက်ပြုမှု ဖိုရမ်၏စီစဉ်မှုဖြင့် ဥတ္တရပရာဒက်ရှ်ပြည်နယ်၏ အကြီးစား၊ အလတ်စားနှင့်အသေးစား စီးပွားရေးလုပ်ငန်းများ MSMEs တာဝန်ခံဝန်ကြီး နက်ရှ်ဆင်းချ်က အမေရိကန်ကုမ္ပဏီတာဝန်ရှိသူများနှင့် အင်္ဂါနေ့၌ webinar အွန်လိုင်းတွေ့ဆုံမှုမှ တွေ့ဆုံဆွေးနွေးခဲ့သည်။ အဆိုပါကုမ္ပဏီများမှ ကိုယ်စားလှယ်များသည် စိုက်ပျိုးရေး၊ လျှပ်စစ်၊ ဆေးဝါး၊ သိပ္ပံဆိုင်ရာ အခြေခံ အဆောက်အအုံ၊ ထောက်ပံ့ပို့ဆောင်ရေး၊ ကာကွယ်ရေး၊ လေကြောင်းလိုင်းနှင့် အစားအစာ ထုတ်လုပ်ရေးကဏ္ဍများတွင် စိတ်ဝင်စားကြောင်းကိုပြသခဲ့သည်။

ထိုကုမ္ပဏီများတွင် Lockheed Martin၊ Adobe၊ Honeywell၊ Boston Scientific နှင့် Cisco Systems တို့အပြင် UPS နှင့် FedEx ကဲ့သို့သော တစ်ကမ္ဘာလုံးဆိုင်ရာ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု ကုမ္ပဏီများပါ ပါဝင်ခဲ့သည်။ ကုမ္ပဏီအချို့က တရုတ်မှထွက်ခွာပြီး အိန္ဒိယအပါအဝင် ရင်းနှီးမြှုပ်နှံမှု နေရာသစ်ကို ရှာဖွေရန် စိတ်ဝင်တစား ရှိနေကြောင်းကို ပြသခဲ့သည်။ “ဥတ္တရပရာဒက်ရှ်ပြည်နယ်က ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေကို သူတို့နဲ့ ကျွန်တော်တို့ဆွေးနွေးခဲ့ကြတယ်။ ပြည်နယ်မှာ

MSMEs လုပ်ငန်းပေါင်း သိန်း ၉၀ ကျော် ရှိနေပြီး ကျွမ်းကျင်လုပ်သားတွေရှိကြောင်း သူတို့ကိုပြောပြခဲ့တယ်။ ပြည်နယ်မှာ တည်ငြိမ်တဲ့အုပ်ချုပ်ရေးနဲ့အတူ လမ်းပန်းဆက်သွယ်ရေး၊ ရေပေးဝေရေး၊ ဆည်မြောင်းရေသွယ်စနစ်နဲ့ ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိမှုစတဲ့ အခြေခံအဆောက်အအုံတွေ အားကောင်းစွာ ရှိနေတယ်။ ဥတ္တရပရာဒက်ရှ်ပြည်နယ်ဟာ နိုင်ငံရဲ့ အကြီးဆုံး ပြည်နယ်တွေမှာ ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် ရှေ့တန်းကပြေးနေတဲ့ ပြည်နယ်တစ်ပြည်နယ်ပဲဖြစ်တယ်။”ဟု ဝန်ကြီးဆင်းချ်က ပြောသည်။

ဝန်ကြီးနှင့်အတူ စက်မှုဖွံ့ဖြိုးရေးကော်မရှင်နာမင်းကြီးနှင့် MSME နှင့် ပို့ကုန်ကဏ္ဍအတွင်းဝန်ချုပ်တို့ အပါအဝင် အကြီးတန်းတာဝန်ရှိသူများပါ ပါဝင်ပြီး အမေရိကန်ကုမ္ပဏီများနှင့် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ပြည်နယ်အစိုးရသည် အဓိကအားဖြင့် ကာကွယ်ရေး၊ ဆေးဝါးထုတ်လုပ်ရေး၊ အစားအစာထုတ်လုပ်ရေး၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးနှင့် ပညာရေး စသည့် နယ်ပယ်များအတွက် မူဝါဒ ၂၁ ချက် ချမှတ်ဖော်ဆောင်လျက်ရှိသည်ဟု ၎င်းတို့က အမေရိကန်ကုမ္ပဏီများအား ပြောကြားခဲ့ကြောင်းသိရသည်။

**Source:** https://web.facebook.com/…/a.320351647999…/3273674046000811/

**Mizzima – News in Burmese**

## စင်ကာပူတွင် COVID-19 ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် Circuit Breaker ကာလကို ထပ်မံတိုးမြှင့်လိုက်ပြီး၊ လုပ်ငန်းများ၏ လုပ်ခလစာစရိတ်အပေါ် အစိုးရက ဆက်လက်ထောက်ပံ့ပေးမည်

ပြည်တွင်း၌ COVID – 19 ရောဂါကူးစက်ပြန့်ပွားမှု မြင့်တက်လျက်ရှိသည့်အခြေအနေကို ထိန်းချုပ်နိုင်ရန် မရှိမဖြစ်လိုအပ်သောဝန်ဆောင်မှုလုပ်ငန်းများမှလွဲ၍ အခြားလုပ်ငန်းခွင်များအားလုံးသည် ၇ – ၄ – ၂၀၂၀ ရက်နေ့မှ ၄ – ၅ – ၂၀၂၀ ရက်နေ့အထိ ရက်သတ္တပတ် (၄) ပတ် ရပ်နားသွားရမည့် Circuit Breaker အစီအစဉ်ကို ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် ဤကာလအတွင်းမှာပင် နိုင်ငံခြားလုပ်သားများနေထိုင်ရာအဆောင်များတွင် ရောဂါကူးစက်မှုအခြေအနေ မြင့်တက်လျက်ရှိခြင်းနှင့် အများပြည်သူအကြားတွင်လည်း ရောဂါကူးစက်မှုနှင့်ပတ်သက်၍ ခြေရာခံ၍မရနိုင်သော ရောဂါကူးစက်ခံရသည့် လူနာအရေအတွက်မှာလည်း ကျဆင်းသွားခြင်းမရှိသည့် အခြေအနေတို့ကြောင့် လက်ရှိ Circuit Breaker ကာလကို ၁ – ၆ – ၂၀၂၀ ရက်နေ့အထိ နောက်ထပ် ရက်သတ္တပတ် (၄) ပတ် ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

ယခုကဲ့သို့ Circuit Breaker ကာလထပ်မံတိုးမြှင့်သည့်အစီအစဉ်အရ အစပိုင်းတွင် ပြည်သူများအတွက် မရှိမဖြစ်လိုအပ်သောဝန်ဆောင်မှုလုပ်ငန်းများစာရင်း၌ ပါဝင်ခဲ့သည့် ဆံပင်ညှပ်ဝန်ဆောင်မှုလုပ်ငန်းများကဲ့သို့သော အရေးပါမှုနည်းသည့် လုပ်ငန်းအမျိုးအစားများသည် ယခုအခါ လုပ်ငန်းဆောင်ရွက်မှုများကို ရပ်နားသွားရမည်ဖြစ်ပါသည်။ ဧပြီလ ၇ ရက်နေ့တွင် စတင်ခဲ့သော Circuit Breaker ကာလကို ဇွန်လ ၁ ရက်နေ့အထိ တိုးမြှင့်လိုက်သောကြောင့် ဤကာလအတွင်း လုပ်ငန်းများ၏ လုပ်သားငှားရမ်းမှုစရိတ် သက်သာ စေရေးအတွက် ပြည်တွင်းလုပ်သား (နိုင်ငံခြားလုပ်သားများမပါဝင်) ၁.၉ သန်းကို ဧပြီလအတွင်း ၎င်းတို့ရရှိသော လုပ်ခလစာအပေါ် (စင်ကာပူဒေါ်လာ ၄၆၀၀ အထိသာ) အစိုးရမှ ၇၅ ရာခိုင်နှုန်းအထိ ထောက်ပံ့ ေးမည့် အစီအစဉ်ကို မေလအတွက်ပါ ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။ အလားတူ လုပ်ငန်းများ၏ နိုင်ငံခြားလုပ်သား စရိတ် သက်သာမှုရှိစေရေးအတွက် ဧပြီလအတွင်း ပေးဆောင်ရမည့် နိုင်ငံခြားလုပ်သားများခန့်ထားမှုအပေါ် စည်းကြပ်ငွေများကို ကင်းလွတ်ခွင့်ပြုခြင်းသာမက နိုင်ငံခြားလုပ်သားများခန့်ထားမှုအပေါ်စည်းကြပ်ငွေကို လျှော့ပေါ့မှုအနေဖြင့် လုပ်ငန်းများတွင် ခန့်ထားသည့် နိုင်ငံခြားလုပ်သားတစ်ဦးလျှင် စင်ကာပူဒေါ်လာ ၇၅၀ နှုန်းဖြင့် အလုပ်ရှင်များသို့ ပြန်လည်ထောက်ပံ့ပေးမည့်အစီအစဉ်များကိုလည်း မေလအတွက်ပါ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရှိရသည်။

**Source: Ministry of Trade and Industry ,The Straits Time**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## ၂၀၂၀ ခုနှစ် မတ်လတွင် စင်ကာပူ၏ကုန်စည်ကုန်သွယ်မှုပမာဏ ၀.၂ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း စက်သုံးဆီမဟုတ်သောပို့ကုန်တင်ပို့မှုတိုးတက်ခဲ့

စင်ကာပူ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ၁၇ – ၄ – ၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သောစာရင်းအရ ၂၀၂၀ ခုနှစ်၊ မတ်လတွင် စင်ကာပူ၏ကုန်စည်ကုန်သွယ်မှုပမာဏသည် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၀.၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ပို့ကုန်ပိုင်းတွင် ၀.၆ ရာခိုင်နှုန်း လျော့နည်းခဲ့ပြီး၊ သွင်းကုန်ပိုင်းမှာမူ ၀.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။ ကာလအလိုက်ညှိနှိုင်းထားသည့်စာရင်းအရ မတ်လတွင် ပို့ကုန်ပမာဏမှာ စင်ကာပူဒေါ်လာ ၄၃.၁ ဘီလီယံ၊ သွင်းကုန်ပမာဏမှာ စင်ကာပူဒေါ်လာ ၃၉.၉ ဘီလီယံတို့ဖြင့် စုစုပေါင်း ကုန်စည် ကုန်သွယ်မှုပမာဏမှာ စင်ကာပူဒေါ်လာ ၈၃.၁ ဘီလီယံ ရရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

၂၀၂၀ ခုနှစ်၊ မတ်လအတွင်း စက်သုံးဆီမဟုတ်သောပြည်တွင်းပို့ကုန်များ (Non-Oil Domestic Export) ဖြစ်သည့် အီလက်ထရွန်နစ်ပစ္စည်းပို့ကုန်ပိုင်းတွင် ၅.၈ ရာခိုင်နှုန်းနှင့် အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သောပို့ကုန်ပိုင်းတွင် ၂၀.၅ ရာခိုင်နှုန်း အထိ အသီးသီးတိုးတက်ရရှိခဲ့ကြောင်း၊ အီလက်ထရွန်နစ်ပစ္စည်းပို့ကုန်တိုးတက်မှုမှာ အဓိကအားဖြင့် Disk Media ပစ္စည်းများ (၅၀.၆%)၊ ICs (၆.၇%) နှင့် ICs ဆက်စပ်ပစ္စည်းများ (၆၀.၁%) ကို ပိုမိုတင်ပို့နိုင်ခဲ့သောကြောင့်ဖြစ်ပြီး၊ အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သောပို့ကုန်တိုးတက်မှုမှာ အထူးသဖြင့် ရွှေ (၂၄၂.၅%)၊ အထူးပြုလုပ် ထားသောစက်ပစ္စည်းများ (၅၄.၂%)၊ ဆေးဝါးပစ္စည်း (၄၈.၆ %) များကို ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ် ကြောင်း၊ စက်သုံးဆီမဟုတ်သောပို့ကုန်များကို မလေးရှား၊ အင်ဒိုနီးရှားနှင့် တရုတ်ဈေးကွက်များမှလွဲ၍ ကျန်ရှိသောစင်ကာပူ၏ အဓိကဈေးကွက်များသို့ တိုးတက်တင်ပို့ခဲ့ပြီး၊ အထူးသဖြင့် ထိုင်း (၁၄၂.၂%)၊ အမေရိကန် (၂၂.၅%) နှင့် ဂျပန် (၄၇.၆%) ဈေးကွက်များသို့ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ဖော်ပြထားပါသည်။

စက်သုံးဆီတင်ပို့မှုအပိုင်းတွင် အဓိကအားဖြင့် ဟောင်ကောင် (– ၇၂%)၊ တရုတ် (– ၅၈.၆ %) နှင့် ပနားမား (– ၈၉.၇ %) ဈေးကွက်များသို့ တင်ပို့မှု ထိုးဆင်းသွားခဲ့သည့်အတွက် မတ်လအတွင်း စင်ကာပူ၏ စက်သုံးဆီပို့ကုန်မှာ ၃၇ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်းနှင့် စက်သုံးဆီမဟုတ်သော ကုန်ပစ္စည်းများကို ပြန်လည်တင်ပို့မှု (Re-exports) မှာလည်း ၀.၉ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း သိရှိရပါသည်။

**Source: Ministry of Trade & Industry, Department of Statistics, Singapore**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## ကမ္ဘာ့ရေနံဈေး ကသောင်းကနင်းဖြစ်ခြင်းကြောင့် ရေနံစိမ်းအစုရှယ်ယာဈေးများ အကြီးအကျယ်ကျဆင်းလာခဲ့

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် ရေနံဈေးနှုန်းများကျဆင်းနေခြင်းပြီး ဧပြီလ ၂၁ ရက်နေ့တွင် ရေနံစိမ်း အစုရှယ်ယာဈေးများ ထိုးကျခဲ့ပါသည်။ ဧပြီလ ၂၀ ရက်နေ့တွင် သမိုင်းဝင် အနှုတ်လက္ခဏာပြသည့် ရေနံဈေးများ ကျဆင်းခဲ့ပြီးနောက် နယူးယောက်စတော့ရှယ်ယာများ အနိမ့်ဆုံးဈေးဖြင့် ဈေးပိတ်ခဲ့ရပါကြောင်း၊ (Dow Jones Industrial Average – DJIA) အညွှန်းကိန်းသည် ၂၃၀၁၈ မှတ်ဖြင့် ဈေးပိတ်ခဲ့ပြီး ၂.၇ % ထိ ကျဆင်းခဲ့ကြောင်းသိရပါသည်။

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရေနံဝယ်လိုအား သိသိသာသာလျော့ကျလာခြင်းကြောင့် စီးပွားရေးအကျဘက်သို့ ဦးတည် လာနိုင်မှုကို စိုးရိမ်လာကြကာ စတော့ရှယ်ယာများကို နှစ်ရက်ဆက်တိုက် အပြင်းအထန်ရောင်းချခဲ့ကြကြောင်း သိရပါသည်။ ရေနံရောင်းဝယ်သူများက မေလတွင် တင်ပို့ရန်အတွက် ရေနံများသိုလှောင်ရန် နေရာမရှိခြင်းကြောင့် WTI contract ပေါက်ဈေးသည် သုညအောက်ထိ ထိုးကျသွားခဲ့ပါကြောင်း၊ ဧပြီလ ၂၀ ရက်နေ့က အမေရိကန်ဒေါ်လာ အနုတ် ၃၇ အထိ တစ်ကြိမ် ဈေးကျသွားခဲ့မှုသည်လည်း ထိုသို့ကျဆင်းစေသည့် အချက်တစ်ချက်ဖြစ်ကြောင်း သုံးသပ်ကြပါသည်။

ဂျပန်နိုင်ငံတွင်လည်း ဧပြီလ ၂၂ ရက်နေ့ Tokyo Commodity Exchange က ကြိုတင်ဝယ်ယူထားသည့် ရေနံစိမ်း အစုရှယ်ယာများသည် ဧပြီ ၂၁ ရက်နေ့၊ ဈေးပိတ်ချိန်ကထက် ၁၅ % အောက်သို့ကျဆင်းသည့်နှုန်းဖြင့် ဈေးဖွင့်ခဲ့ပါကြောင်း၊ ထိုသို့ ရေနံဈေးကွက် ပြိုလဲလာခြင်းသည် WTI က ဇွန်လအတွက် ကြိုတင်ဝယ်ယူထားသည့် contract များမှ ရေနံတစ်စည်ကို အမေရိကန် ၆ ဒေါ်လာခန့်အထိပင် ကျဆင်းသွားခဲ့သည့်အခြေအနေကို ရောက်ရှိသွားစေပါကြောင်း၊ ထုတ်လုပ်အား များပြားနေပြီး သိုလှောင်ရန်နေရာမလုံလောက်မှုများကြောင့် လာမည့် ဇွန်လအတွက် ကြိုတင်ခန့်မှန်းနေသည့် ဈေးနှုန်းများသည်လည်း

အနှုတ်လက္ခဏာဖက်သို့ပင် ဦးတည်နေပါကြောင်းသိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## STOCK EXCHANGE (4.5.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 4th May. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | -100 | -1.00% | 9,900 | 10,000 | 9,900 | 5,395 | 53,532,700 | 27,112,747 | 268,416 |
| MTSH | 00002 | 3,750 | +0 | +0.00% | 3,750 | 3,800 | 3,750 | 2,947 | 11,056,400 | 38,929,150 | 145,984 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 5 | 40,500 | 10,400,986 | 84,248 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,500 | 16 | 360,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 98 | 269,500 | 12,823,224 | 35,264 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 430.53 | -1.98 | -0.46% | 430.53 | 432.51 | 430.53 | 8,461 | 65,259,100 | 5 | 589,533 |

**Index chart**




## Market Overview

As of 1:00 pm, 4th May. 2020

| MYANPIX | 430.53 ▼ 1.98 |
|---|---|
| Total Volume (shares) | 8,461 |
| Total Value (MMK) | 65 mil |
| Listed Company | 5 |
| Market Cap. (MMK) | 589,533 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▼ 100 |
| MTSH | 00002 | 3,750 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |